
မိုးရောလျှန်းဝေ
ယောင်ရှင်ဝတ္တကာ
ယေဦးမှုး
Thike

(၁)

“ မေဦးမိုးရေ ... ဟေ့ ... မေဦးမိုး ”

ခြံဝကနေ အော်ပြီး ဝင်လာသော ရွှေစင်ရဲ့ အသံကြောင့် ပျင်းပျင်းနှင့် အိပ်ရာထဲ ကွေးနေ သော မေဦးမိုး ပြေးထွက်လာသည်။

“ ဟဲ့ ... မိရွှေစင် အသံကလဲ ပြဲလိုက်တာ ”

“ ဘာလဲ ငါ့ အသံကြောင့် ကာလနဂါး နင် အိပ်ရေး ပျက်သွားပြီလား ”

ဆံပင် စုတ်ဖွားလေးနှင့် ပစ်စလက်ခတ် လှချင်တိုင်း လှနေသော မေဦးမိုးရဲ့ မျက်နှာနုနုကို ကြည့်ပြီး ရွှေစင်က မေးပါသည်။

“ အေးဟယ် ... အိပ်မယ် ကြံတုန်း နင် ရောက်လာတာ ”

“ ကဲ ... လာ ... နင့် အခန်းကို သွားမယ်၊ ပြောစရာရှိတယ် ”

“ ဘာလဲဟ ... နင် မျက်နှာကို ကြည့်ရတာ ၊ မှုရလာသလိုပဲ ”

“ အေး ဟုတ်တယ်၊ မှုမှ တကယ့်ကို အားရပါးရကြီးတဲ့ မှုကြီး ”

ပြုံးရွှင် မြူးကြွနေသော ရွှေစင်ရဲ့ မျက်နှာချိုချိုကို ကြည့်ပြီး မေဦးမိုးရဲ့ ရင်ထဲမှာ သိချင်စိတ် တွေ တအားဖြစ်နေပါသည်။

“ ငါ သိချင်လာပြီ၊ မြန်မြန်လာဟာ ”

ရွှေစင်ရဲ့ လက်ကို ဆွဲပြီး၊ သူမရဲ့ အခန်းဆီသို့ မေဦးမိုးက ဆွဲခေါ်ခဲ့သည်။

“ လာထိုင် ... ”

သူမရဲ့ ခုတင်ပေါ်မှာ မဦးမိုးက ရွှေစင့်ကို ထိုင်ခိုင်းလိုက်သည်။

“ ကဲ … ပြော ”

ပါးစပ် တပြင်ပြင်နှင့် မပြောနိုင်သေးသော ရွှေစင်ကို စိတ်မရှည်စွာ မေးလိုက်သည်။

“ ပြောမယ်ဟာ … နင်ကလဲ ”

“ ဘာလဲ … နင်နဲ့ သီဟ ယူကြတော့ မလို့လား ”

“ ဟာ … ဘယ်ကလာ … ဟုတ်ရမှာလဲ ”

“ ဒါဆို … ဘာလဲ မြန်မြန်ပြောဟာ ”

“ ပြောပါမယ်ဟ ”

မဦးမိုးက စိတ်မရှည်ဟန်၊ သက်ပြင်းလေး တစ်ချက်ရှိုက်ပြီး ရွှေစင်ကို ကြည့်နေမိသည်။

“ ဒီလိုလေဟယ် … ငါတို့ ရှေ့အပတ်လောက်မှာ ငပလီ သွားရအောင်လားဟယ် ”

“ ငါတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ ”

“ တို့ သူငယ်ချင်း တစ်သိုက်ပေ့ါဟယ် ”

“ အေး ငါလဲ၊ ငပလီကို သွားချင်တယ်၊ ခုချိန်ဆို ကမ်းခြေမှာ လူလဲ ရှင်းတယ် ပျော်စရာ ကြီး ”

မဦးမိုးက၊ အားတက်သရော ပြောသည်။

“ ငါကလဲ သိပ်သွားချင်တယ်၊ ကိုသီဟကို ပြောတော့ သူလဲ စိတ်ဝင်စားတယ် ”

“ တို့တွေ သူငယ်ချင်း တစ်သိုက်သွားတာတော့ ဟုတ်ပါပြီ အိမ်က လွှတ်ပါ့မလား ”

မေဦးမိုးက မျက်မှောင်လေး ကျုတ်ပြီး တွေးတွေးဆဆပြောသည်။

“ ရအောင် ပြောရမှာပေါ့ပါဟယ် ”

“ နေပါဦးလေ၊ လူကြီးတွေ လွှတ်အောင် အရင်ပြောပြီးမှ ငါတို့ သွားဖို့စီစဉ်ကြတာပေါ့ ”

“ ဒါနဲ့ နင့်ရဲ့ ကိုမျိုးဇင်ကြီးက လွှတ်ပါ့မလား ”

“ င့ါတစ်ယောက်တည်း စိတ်မချရင်၊ သူပါလိုက်ခဲ့ပေ့ါလို့ ”

မေဦးမိုးက မေးလေးပင့်ပြီး မျက်ကြော စင်းစင်းလေးနှင့် ပြောလိုက်သည်။

“ အေး … ဒါဆို ငါ ပြန်မယ် နင် ကိုမျိုးဇင်ကိုလဲ ရအောင် စည်းရုံးထားနော် ”

“ စိတ်ချပါဟယ် ”

ရွှေစင်က နှုတ်ဆက်ပြီး ပြန်သွားသည်။ မေဦးမိုးလည်း ရွှေစင်ပြန်သွားတော့ မိခင်ကို စည်း ရုံးဖို့ အခန်းထဲက ထွက်ခဲ့ပါသည်။

မိခင် ဒေါ်စိမ်းမေထံသို့ မေဦးမိုးက အပြေးတစ်ပိုင်းနှင့် ထွက်ခဲ့သည်။

“ မေမေရေ … မေမေ ”

“ ဟဲ့ … မေဦး ဘယ်လို ဖြစ်နေတာလဲ ”

ပျာပျာသလဲ သူမရဲ့ အော်သံကြောင့် ဒေါ်စမ်းမေက စိတ်တိုတိုနှင့် ပြန်အော်သည်။

“ မေမေကလဲ ဘယ်ရောက်နေတာလဲ ”

“ ဟဲ့ … ဒီမှာ မီးဖိုထဲမှာ ”

“ ဟာ … မေမေကလဲ အားရင် မီးဖိုထဲဝင်နေတာပဲ ”

“ ဟုတ်ပ့ါတော်၊ ကျုပ်က ပျော်လွန်းလို့လေ၊ မီးဖိုထဲ အားရင် ဝင်နေတာရှင့် ”

ဒေါ်စမ်းမေက စိတ်တိုတိုနဲ့ ရွဲ့ပြီးပြောသည်။ မိခင်ရဲ့ မျက်စောင်းက ပက်ခနဲ မေဦးမိုးကို မှန်ပါလေတော့သည်။ ဒေါ်စိမ်းမေရဲ့ ကိုယ်ကို အတင်းဝင်ပြီး ပွေ့ဖက်ပြီး မခင်ကို နမ်းလိုက်သည်။

“ ညည်းတို့ သားအဖတွေက ချေးများဖို့သာ သိကြတယ်၊ ကျုပ်မှာဖြင့် တစ်နေ့တစ်နေ့ မီးဖို ထဲ လုံးပမ်းနေရတာ အားကို မအားရဘူး ”

“ မေမေက ကိုယ်တိုင်ဝင်ချက်နေတာကိုး၊ ဒေါ်ငွေတိုးနဲ့ ထားလိုက်ရင်လဲ ရသားနဲ့ ”

“ အင်း … ညည်းရော ညည်းအဖေရော မငွေလက်ရာ စားနိုင်ကြလို့လား ”

ဒေါ်စမ်းမေ ပြောတာမှန်လွန်းနေတော့၊ မေဦးမိုး ဆင်ခြေမတတ်နိုင်ပါ၊ ဇက်ကလေးပု၊ လျှာလေး တစ်လစ် လုပ်နေလိုက်သည်။

“ မေ … ”

မေဦးမိုးက မိခင်ရဲ့ ရင်ခွင်မှာ ခေါင်းကို ဖွေ့လိုက်ပြီး ချွဲချွဲနွဲ့နွဲ့ ခေါ်လိုက်သည်။

“ ဖယ်စမ်းမေဦးရယ်၊ ဒီမှာ ဟင်းအိုးလုံးလို့ မပြီးသေးဘူး ”

“ မေမေကို မေဦး တစ်ခု ပြောမလို့ ”

“ ကဲ … ပြော လက်က လုပ်နေပေမယ့် နားကထောင်လို့ ရတယ် ”

ဒေါ်စမ်းမေရဲ့ စိတ်တိုနေတဲ့ရုပ်အသွင်ကိုကြည့်ပြီး၊ မေဦးမိုးက ရယ်လိုက်ပြန်သည်။

“ မေမေ မေဦး ငပလီ သွားလည်ချင်တယ် ”

“ ဒီရောဂါက ဘယ်တုန်းက စ လိုက်ပြန်တာလဲ ”

ဒေါ်စမ်းမေက မကြည်မလင်သော မျက်နှာထားနှင့် မေဦးမိုးကို ကြည့်လိုက်သည်။

“ ဘယ်တုန်းကမှ မထပါဘူး မေမေရယ်၊ ခုလောလောဆယ် ရွှေစင်လာပြောလို့ ထ လိုက်တဲ့ ရောဂါပါ ”

ပြောင်စပ်စပ် မျက်နှာလေးနှင့် မေဦးမိုးက ပြောသည်။

“ မေဦး အရမ်းသွားချင်တာပဲ မေမေရယ် ”

မိခင်ရဲ့ ခါးတုတ်တုတ်ကို ပွေ့ဖက်ပြီး မေဦးမိုးက ပူပူစာစာလေး ပြောသည်။

“ သမီးတို့ လူငယ်တွေချည်း သွားလို့ ဘယ်ဖြစ်မလဲကွယ်၊ ဖေဖေက လွှတ်မှာ မဟုတ်ဘူး ”

“ ဖေဖေက မေမေ ပြောပေးရင် တစ်ခွန်းပါပဲ မေမေရာ … ”

“ ဖေဖေ လွှတ်တော့၊ မောင်မျိုးဇင်က လွှတ်ဦးမှာလား ”

မေဦးမိုးရဲ့ မျက်နှာကို အပြုံးလဲ့လဲ့နှင့်ကြည့်ပြီး၊ ဒေါ်စမ်းမေက ပြောသည်။

“ ကိုဇင့် တာဝန်ကို မေဦး ယူပါမယ် မေမေ၊ စိတ်မချလို့ရှိရင် သူပါ လိုက်ခဲ့ပေါ့လို့ … ”

“ မောင်မျိုးဇင် ပါရင် ဖေဖေ လွှတ်မှာပါ … ”

မျိုးဇင်ပါမည်ဆို၍ မေဦးမိုး စိတ်ပျက်မိတာ အမှန်ပါ။ ဒါပေမယ့် မျိုးဇင်ပါမှ၊ မိဘတွေက လည်း သူမကို စိတ်ချလက်ချ လွှတ်မည် မဟုတ်လား ...။

မျိုးဇင်တွင် မိဘ မရှိတော့ပါ၊ သူ၏ ဦးလေးက မျိုးဇင်ကို မွေးစားခဲ့သည်။ မေဦးမိုးရဲ့ မိဘ များနှင့်၊ မျိုးဇင်ရဲ့ ဦးလေးက လွန်စွာ ခင်မင်ရင်းနှီးခဲ့ကြသည်။

မျိုးဇင်နှင့်မေဦးမိုးကို သဘောတူထားကြသည်။ ဒါကြောင့် မျိုးဇင်က မေဦးမိုးတို့ အိမ်ကို တံ ခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်ခဲ့သည်။

စိုက်ပျိုးရေး မန်နေဂျာ မျိုးဇင်နှင့်မေဦးမိုးတို့ကို လူကြီးချင်း သဘောတူထားလေသည်။ မျိုးဇင်က တည်တည်ငြိမ်ငြိမ်သမားမို့ မေဦးမိုးရဲ့ မိဘများက သဘောကျခဲ့သည်။

ကလေးဆန်လွန်း၊ မတည်ငြိမ်လွန်းသော မေဦးမိုးကို မျိုးဇင်လို လူမျိုးကသာ ထိမ်းချုပ်နိုင် မည်ဟု မှတ်ယူထားကြလေသည်။

မျိုးဇင်ကို ခင်သည့်စိတ်က လွဲလို့ မေဦးမိုး လုံးဝမချစ်ခဲ့ပါ။ ဒါပေမယ့် မိဘတွေရဲ့ ဆန္ဒကို မ လွန်ဆန်နိုင်၍ မေဦးမိုး လက်ခံလိုက်ရပါသည်။

ငြင်းဆန်ရအောင်လည်း မေဦးမိုးမှာ ခိုင်လုံတဲ့ အကြောင်း မရှိဘူးလေ။ မေဦးမိုးမှာ ချစ်သူ ရည်းစား မရှိတော့ မျိုးဇင်ကို အသာတကြည်ပဲ လက်ခံလိုက်ရတာ ပေါ့။

မျိုးဇင်ကို ငြင်းရမှာလဲ၊ အပြစ်အနာအဆာ ရှာမတွေ့ဘူးလေ။

မျိုးဇင်မှာ အစိုးရအရာရှိလေးမို့ ဂုဏ်လည်း ရှိသည်၊ ရုပ်ရည်ကလည်း ချောမောသည်မ ဟုတ်လား။ ဒါပေမယ့် ရှိတဲ့အသက်ထက် မျိုးဇင်က သိပ်ကို လူကြီးဆန်နေပါသည်။

ဒါကြောင့်လည်း မျိုးဇင်ကို ဦးမျိုးမြင့်ရော ဒေါ်စမ်းမေကပါ

သဘောကျနေတာပါ။ သည်းခံ ခွင့်လွှတ်နိုင်မှ အလွန်ဆိုးသော မေဦးမိုးနှင့်လက်တွဲလို့ရမည် မဟုတ်လား။

မေဦးမိုးက တစ်ဦးတည်းသော သမီး၊ မောင်ငယ်လေး တစ်ယောက်သာရှိသည်။ မိဘများ ကလည်း မေဦးမိုးကို အလွန်အလိုလိုက်ခဲ့သည်မို့ မေဦးမိုးဆိုးပါသည်။ ဇွတ်တရွတ် လုပ်ပါသည်။ အလိုလိုက်ထားသည့်အပေါ် အခွင့်အရေး ယူလွန်းပါသည်။

မောင်ငယ်လေး ဇော်ဇော်နှင့် အပြိုင် ဗိုလ်ကျတတ်ပါသည်။ ငယ်ငယ်တကည်းက အလို လိုက်ခဲ့သော မိဘတွေမို့ မေဦးမိုး ကြီးလာတော့လဲ ဆက်ပြီး အလိုလိုက်ခဲ့ရပြန်ပါသည်။

“ မေမေ .. မေဦး ဘာကူလုပ်ပေးရမလဲ ဟင် ”

မိခင်ကို မျက်နှာချိုသွေးပြီး၊ မေဦးမိုးက လောကွက် ပိုလိုက်ပါသည်။

“ တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ မီးဖိုထဲက မြန်မြန်ကြွ … ”

“ ဟွန်း … မေမေကလဲ မိုဦးက ကူမလို့ဟာ … ”

“ မသိရင် ခက်မယ် မိမေဦးရဲ့၊ နင့်ကို ငါ မွေးလာတာပါ ဟယ် … ”

“ အဟတ် … ”

“ လိုချင်တာ ရဖို့ မျက်နှာချို လာသွေးမနေနဲ့၊ ဒါမျိုးတွေ ရိုးနေပြီ ”

ပြုံးလဲ့လဲ့နှင့်ပြောနေသော မိခင်ရဲ့မျက်နှာကို ကြည့်ပြီး မေဦးမိုးက ဟားတိုက် ရယ်လိုက် သည်။

မီးဖိုထဲက မေဦးမိုး၊ ပြေးထွက်ခဲ့ပါသည်။ မိမိ၏ အခန်းသို့ ရောက်တော့ ရေမိုးချိုး၊ အလှပြင် ရန် ပြင်ဆင်လိုက်ပါသည်။

မျိုးဇင်လာလျှင် မေဦးမိုးက အပြတ် စည်းရုံးရသည် မဟုတ်လား။

မျိုးဇင်ကို ချစ်တာ မချစ် တာ ဘေးချိတ်။ မျိုးဇင်ပါမှ ပေလီသွားရမှာမို့ မျိုးဇင်ကိုတော့ အပါခေါ်ရပေတော့မည်။

*

( ၂ )

ရေမိုးချိုးပြီး မေဦးမိုးက ရှိုးတွေ အကြီးအကျယ်ကို ထုတ်လိုက်သည်။ အပွ ကောက်ထား သော ကျောလယ်လောက်ရှိ ဆံပင်ကို ဖားလျားပင် ချထားလိုက်သည်။

မျက်နှာမှာလည်း မှုန်နံ့သာတွေ ခြယ်သထားလိုက်သည်။ မျိုးဇင် ညနေလာလျှင် သူမကို အကောင်းဆုံး၊ အလှဆုံး အနေအထားနှင့် မြင်စေချင်သည်။

သူမကသာ မျိုးဇင်ကို ဝတ်ကျေ တန်းကျေ ဆက်ဆံသော်လည်း မျိုးဇင်က သူမကိုချစ်တာ မေဦးမိုး သိပါသည်။

ဒါကြောင့် သူမရဲ့ အလိုဆန္ဒပြည့်စေရန် မျိုးဇင်မျက်စိထဲမှာ ခါတိုင်းထက် ပိုလှစေချင်၍ မေ ဦးမိုး ပြင်ဆင်ထားခြင်းပါ။

စိတ်ကြိုက်ပြင်ဆင်ပြီး မျိုးဇင် အိမ်အလာကို စောင့်ကြိုနေသည်။

“ ဟာ … သမီးက ဒီနေ့ သိပ်လှနေတာကိုး ”

ရုံးမှ ပြန်လာသော ဖခင်ကြီးက မေဦးမိုး ရှိုးထုတ်ထားတာကို ကြည့်ပြီး အပြုံးအရယ် ကျဲ စယ်နေပါသည်။

“ မောင်မျိုးဇင် လာမှာမို့လို့ ရှိုးထုတ်ထားတယ် ထင်တယ် ”

“ သိပ်ဟုတ်တာပေါ့ ဖေဖေရာ ”

ဖခင်ရဲ့ လက်မောင်းကို ခိုစီးပြီး မေဦးမိုးက ချွဲနွဲ့လိုက်သည်။ ဦးမျိုးမြင့်ရင်ထဲ ကျေနပ်သွားရ ပါသည်။

ငုံထားမတတ် ချစ်ရလွန်းတဲ့ သမီးလေး ကောင်းစားတာကို မြင်ချင်၍ မျိုးဇင်နှင့် သူစီစဉ် လိုက်ခြင်းပါ။

သမီးငယ်က အလိုက်အထိုက် နေရာက ခုလို မျိုးဇင်အပေါ် စိတ်ဝင်စားမှုလေး ရှိလာပြီဆို တော့ ဦးမျိုးမြင့် ကျေနပ်မိပါသည်။

“ ကဲ … ဖေကြီး ရေချိုးတော့နော်၊ သမီး ခြံထဲမှာပဲ ကိုမျိုးဇင်ကို စောင့်နေတော့မယ် ”

“ အေး … အေး ”

မေဦးမိုးရဲ့ အကြံကို မသိရှာတဲ့ ဦးမျိုးမြင့်က သမီးရဲ့ အပြောကို သဘောတကျကျနှင့် ခေါင်းလေး တညိတ်ညိတ်ပါ။ မေဦးမိုးက ဖခင်ထွက်သွားပြီးနောက် သူမရဲ့အကြည့်ကို ခြံဝဆီသို့ပဲ ပို့ထားလိုက်သည်။

မျှော်နေတာမို့ ကိုမျိုးဇင်က တော်တော်နှင့် ပေါ်မလာပါ။

မေဦးမိုး စိတ်တိုပြီး နှုတ်ခမ်းလေးပင် စူသွားသည်။

နေမင်းကြီးပင်အနောက်ကျွန်းဆီသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ လက်ကျန် အ လင်းရောင်လေးတွေနှင့်သာ လောကကြီးကို အလင်းအလက်လေး ချန်ရစ်ခဲ့သည်။

“ ဟော … ”

ရုတ်တရက် မှိုင်နေသော မေဦးမိုးရဲ့ မျက်ဝန်းလေး ဝင့်ခနဲ ဖြစ်သွားသည်။ ခြံဝမှ အေးဆေး တည်ငြိမ်စွာ ဝင်လာသော မျိုးဇင်ထံသို့ အပြေးတစ်ပိုင်းနှင့် ရောက်သွားသည်။

“ ကိုဇင် … ”

သည်နေ့မှ အထူးအဆန်း သူ့အား ဝမ်းသာအယ်လဲနှင့် ကြိုနေသော မေဦးမိုးကို ကျေနပ်ပီတိဖြာစွာနှင့် မျိုးဇင်က ကြည့်လိုက်ပါသည်။

ချောမွေ့လွန်းတဲ့ မေဦးမိုးရဲ့ အသွင်လေးကို ချစ်မဝသောအကြည့်တွေနှင့် ကြည့်နေပါ သည်။

“ ဒီနေ့ မေဦးလေးက ကိုဇင့်ကို ထွက်ကြိုနေပါလားကွယ် ”

အထူးအဆန်း ပြုမူနေသော မေဦးမိုးရဲ့ အမူအရာက သူ့အတွက် အလွန်ဆန်းကြယ်နေပါ သည်။

“ ကိုဇင် ... အိမ်ထဲ မဝင်နဲ့ဦးနော် ”

“ ဘာလို့လဲ မေဦး ”

“ လာပါ ... ဒီမှာ လာထိုင်ပါဦး၊ မေဦး ပြောစရာရှိလို့ ... ”

မျိုးဇင်အား သစ်သား ခုံတန်းလေးဆီသို့ ဆွဲခေါ်ခဲ့သည်။ သစ်သားခုံပေါ်ထိုင်မိပြီးမှ မေဦးမိုး က ပြုံးလဲ့လဲ့နှင့် မျိုးဇင်ကို ကြည့်လိုက်သည်။ သူမကို စူးစမ်းစွာ စိုက်ကြည့်နေသော မျိုးဇင်ကို တွေ့ ရသည်။

“ ဘာလဲ ... ပြောလေ မေဦး ”

“ မေဦးရဲ့ သူငယ်ချင်း ရွှေစင်တို့လေ ငပလီကို သွားကြမလို့တဲ့ ”

“ ဟင် ... ဆောင်းတွင်းကြီးများ သွားကြ သေးလား ”

“ ကိုဇင်ကလဲ ခုလိုအချိန်က သိပ်ကောင်းတာ၊ လူလဲ သိပ်မများတော့ နေရထိုင်ရတာ ကောင်းတယ်တဲ့၊ နွေဆို ကမ်းခြေမှာ အပန်းဖြေတဲ့လူတွေ ပြွတ်သိပ်နေတာ ... ”

“ ဟုတ်ပါပြီ၊ သူတို့ သွားချင် သွားကြပါစေပေါ့ ”

“ သူတို့တင် မဟုတ်ဘူး၊ မေဦးတို့ပါ သွားကြမှာ ”

မျိုးဇင်က အံ့သြသောအမူအရာနှင့် သူ့ကို ကြည့်နေပါသည်။

“ မေဦးတို့ ဆိုတာ ... ”

နားမရှင်း၍ မျိုးဇင်က မေးသည်။

“ ကိုဇင်ရယ်၊ မေဦးရယ်ပေါ့ ”

မျိုးဇင်ရဲ့ မျက်ခုံးတွေ ပို၍ တွန့်ကောက်သွားသည်။

“ ဘာ … ကိုဇင်နဲ့ မေဦးပါ လိုက်ရမယ် ဟုတ်လား ”

“ ဟုတ်တယ်၊ မေဦး သိပ်သွားချင်တယ်၊ မေမေတို့ကလဲ ကိုဇင် မပါရင် မလိုက်ရဘူးတဲ့ ”

ချိုအိနေသော အပြုံးလေးနှင့် မျိုးဇင်အား ကြည့်ပြီး မေဦးမိုးက ပြောသည်။

“ ကိုယ်မှ မအားတာ မေဦးရယ် ”

“ အို … ခွင့်ယူရင် ရရက်သားနဲ့ ”

“ ခွင့်ယူရခက်တယ် မေဦးရယ် ”

“ ဟာ မခက်ဘူး၊ ခက်နေတာ ကိုဇင် သိလား ”

“ ငပလီ ဘာလို့သွားမှာလဲကွာ၊ ဘာ ဗဟုသုတမှလဲ မရနိုင်တဲ့ နေရာကိုများ … ”

“ အို … အပျော်သါးမှာပဲ၊ ဘာ ဗဟုသုတ ရစရာလိုလဲ ကိုဇင်ရဲ့ ”

မေဦးမိုးရဲ့ မျက်နှာက အပြုံးလေး တစ်စွန်း တစ်စ ပျောက်သွားသည်။

“ ငပလီသွားပြီး ဘာကျမ်းမှ ပြုစုမှာမှ မဟုတ်တာ၊ စိတ်ပေါ့ပေါ့ပါးပါးနဲ့ ပျော်ချင်လို့ သွားမှာ ပဲ ဟာ … ”

“ ဟင်း … ”

မျိုးဇင်က မျက်နှာကြီး မအီအသာနှင့် သက်ပြင်းချလိုက်ပါသည်။

“ လိုက်မယ်မဟုတ်လား ကိုဇင် ”

“ လိုက်ချင်ပါတယ် မေဦးရယ်၊ ဒါပေမယ့် ... ”

“ အို ... လာပြန်ပြီ၊ ဒီ ... ဒါပေမယ့် ... ”

မေဦးမိုးက စိတ်တိုတိုနှင့် မြေပေါ်သို့ ခြေထောက်နှစ်ဘက်လုံးကို စုံဆောင့်ပစ်လိုက်သည်။

“ မေဦးရယ် ကလေး မဆန်ချင်စမ်းပါနဲ့ကွယ်၊ ငပလီ သွားမယ်ဆိုရင် ပိုက်ဆံကကုန်ရဦးမှာ၊ ဘာပြုလို့ ပိုက်ဆံ အလဟဿ သုံးမှာလဲကွယ် ”

“ ပျော်ချင်လို့ အပြန်းဖြေချင်လို့သွားမှာ၊ ပိုက်ဆံတော့ ကုန်သင့်သလောက် ကုန်မှာပဲ ”

“ အေး ... အဲဒီ ကုန်မယ့် ပိုက်ဆံက ရှာလို့ မလွယ်တာ မေဦး မသိဘူး ”

မေဦးမိုးရဲ့ မျက်နှာပေါ်မှ အပြုံးတွေ အကုန်လုံး လွင့်စဉ် ပျောက်ကွယ်သွားလေပြီ၊ စူစူပုပ် ပုပ် မျက်နှာလေးနှင့် မျိုးဇင်ကို မကျေမနပ် ကြည့်ပစ်လိုက်ပါသည်။

“ ဒါပဲနော် ကိုဇင်၊ မေဦးကတော့ သွားဖို့ ဆုံးဖြတ်ပြီးပြီ ”

မျက်နှာထား တင်းတင်းနဲ့ပဲ မေဦးမိုးက ပြောလိုက်ပါသည်။ မျိုးဇင်အပေါ်မှာလည်း လွန်စွာ ပဲ စိတ်တိုသွားရပါသည်။

“ မေဦးရယ်၊ ပိုက်ဆံတွေ အလကား ကုန်မှာ နှမြောစရာကြီးကွယ် ”

“ တော် ... ကိုဇင် ငွေစကား သိပ်ပြောတာကိုး၊ ကိုဇင့်ကို မေဦး မုန်းချင်လာပြီ သိလား ”

သည်လိုကျတော့လည်း မျိုးဇင် တစ်ယောက် တီကို ဆားနှင့် ပက်လိုက်သလိုပါ။ မေဦးမိုးရဲ့ အမုန်းကိုတော့ သူ နည်းနည်းမှ မခံစားလိုသူပါ။

“ မေဦးရယ်၊ ကိုဇင့်ကိုတော့ မုန်းဖို့ စိတ်မကူးလိုက်ပါနဲ့ ”

“ ဒါဆို မေဦး သွားချင်တာကို ကိုဇင် အေးအေးဆေးဆေး လိုက်ခဲ့ပေါ့ ”

“ မေဦး သိပ်သွားချင်ရင် ကိုဇင် လိုက်ခဲ့ပါ့မယ် ”

သည်တော့မှ မေဦးမိုးရဲ့ မျက်နှာလေး တိမ်စင်လပမာ ကြည်လင်အေးမြသွားရပါတော့ သည်။

“ လာ … ကိုဇင်၊ ဖေဖေတို့ဆီ သွားပြောရအောင်နော် ”

မေဦးမိုးက မျိုးဇင်ရဲ့ လက်ကိုဆွဲပြီး အိမ်ထဲသို့ ခေါ်ခဲ့သည်။ မေဦးမိုး စိတ်ကောက်မှာ ကြောက်လန့်၍ သာ မျိုးဇင်က ငပလီကို လိုက်ဖို့ သဘောတူလိုက်ရပေမယ့် သူ့ရဲ့ ရင်ထဲမှာ လုံးလုံး ဘဝင်မကျပါ။

ကုန်ကျစရိတ် မနည်းဘူးဆိုတာ တွက်ချက်မိပြီး ရင်ထဲမှာ နှမြောတသ စိတ်တွေကို နင်း ကန် ဖိစီးနေပါတော့သည်။

“ ဘယ်လိုလဲ မောင်မျိုးဇင်၊ မေဦးရဲ့ အစီအစဉ်ကို မင်း လုံးဝ လက်ခံလိုက်ပြီလား ”

ဒေါ်စိမ်းမေက အရင်းအတိုင်း ပြောထားပြီးသားမို့ ဦးမျိုးမြင့်က မေဦးမိုးရဲ့ အကြံအစည်ကို သိနှင့်ပြီးနေပါပြီ။

ခြံထဲမှာ မျိုးဇင်ကိုလည်း မရမက မေဦးမိုးက စည်းရုံးမည်ဆိုတာကိုလည်း ကြိုတင်သိရှိ နား လည်ပြီးသားလေ။

ဒါကြောင့် မေဦးမိုးရဲ့ ပြုံးချိုနေတဲ့ မျက်နှာလေးကို မြင်လိုက်ရုံနဲ့ မေဦးမိုး အလိုပြည့်သွားပြီ ဆိုတာ သိလိုက်ပါသည်။

“ အဟင်း … ဖေဖေ မေဦးတို့ ငပလီကို သွားလည်မယ်၊ ကိုဇင် လိုက်မယ်တဲ့ ”

မေဦးမိုးက ဝမ်းသာအားရ ပြောသည်။ သည်လိုပါပဲ မေဦးက လုပ်ချင်တာလုပ် ပြောချင်တာ ပြော ဆန္ဒ ပြည့်ဝနေရင် မျက်နှာလေးက ဝင်းကြည်နေတာပါ။

“ မောင်မျိုးဇင်က ခွင့်ရဖို့ လွယ်ပ့ါမလား ”

“ ကြိုးစားရမှာပါ ဦး၊ မေဦးက သိပ်သွားချင်နေပါတယ် ”

သမီးကို အလိုလိုက်တဲ့မျိုးဇင်ကို ကြည့်ပြီး ဦးမျိုးမြင့်က လွန်စွာ ကျေနပ်နေပါသည်။

“ ရွှေစင်တို့ကို မေဦးတို့ လိုက်မယ်ဆိုတဲ့အကြောင်း ပြောလိုက်ဦးမယ်နော် ”

မေဦးမိုးက ခုန်ပေါက်ပြီး တယ်လီဖုန်း ထားရာဆီသို့ ထွက်ခဲ့သည်။ သမီးလုလု ဆိုးဆိုးလေး ကို မိဘ နှစ်ပါးက အပြုံးကိုယ်စီနှင့် ကြည့်နေပါသည်။

မျိုးဇင်မှာတော့ ရင်ထဲတွင် ရှင်းရှင်းကြီး မပျော်နိုင်အောင် ကုန်ကျမည့် စရိတ်များအတွက် ရင်လေးနေပါသည်။

မေဦးမိုးက ထုံးစံအတိုင်းပဲလေ၊ ရွှေစင်နဲ့ စကားပြောရင် တော်တော်နဲ့ပြီးတာမှ မဟုတ်ဘဲ ငပလီ သွားမယ့် အစီအစဉ်တွေကို ရယ်လိုက်မောလိုက်နဲ့ ပြောမဆုံးအောင်ပါပဲ။

နာရီဝက်လောက် ပြောပြီးမှ ဖုန်းခွက်လေးကို ပြန်ချလိုက်သည်။ ဖုန်းခွက်လေးသာ အသက် ရှိလျှင် နာငြီးလိုက်တာလို့ ထအော်မှာ သေချာလှသည်။

သည်နေ့ မေဦးမိုးက မျိုးဇင် အပေါ်မှာ ဆက်ဆံရေးက ပြေပြစ် ချောမွေ့နေလေသည်။

မျိုးဇင်က ရင်ထဲမှာ မရှင်းမလင်း ဖြစ်နေပေမယ့် မေဦးမိုးရဲ့ လိုက်လျောစွာ ဆက်ဆံမှု ကြောင့် ကျေနပ်သွားရပါသည်။

*

(၃)

မေဦးမိုးတို့ သူငယ်ချင်းတစ်စု ငပလီကမ်းခြေသို့ တောင်ကုတ်လမ်းမှ ကားလမ်းခရီးဖြင့် ရောက်ခဲ့ကြပါလေသည်။

သူငယ်ချင်းတစ်သိုက်လုံးက ပြည့်စုံကုံလုံသော မိဘများရဲ့ သားသမီးမို့ ငွေရေးကြေးရေး ဖူ ဖူလုံလုံဖြင့် အပျော်ခရီး ထွက်ခဲ့ခြင်းပါ။

ရွှေစင်နှင့် သီဟက တစ်တွဲ မေဦးမိုးနှင့် မျိုးဇင်ကတစ်တွဲ ကျန် သူငယ်ချင်းတွေက အဖော် မဲ့ စုံတွဲ မရှိသူတွေပါ သီဟနှင့် ရွှေစင်ကလည်း စေ့စပ်ပြီးသား၊

မကြာခင် လက်ထပ်တော့မှာ ဖြစ်သည်။ ဒါကြောင့်မို့ မိဘများကလည်း လွတ်လွတ်လပ် လပ် ထည့်လိုက်ခြင်းပါ။

မေဦးမိုးတို့အဖွဲ့က အားလုံးပေါင်း ကိုးယောက်ပါ။ သူတို့နှစ်စုံတွဲကလွဲရင် ကျန်တာ မိန်းက လေးချည်းပါ။

“ ဘယ်မှာ တည်းကြမလဲဟေ့ ”

သူတို့ အုပ်စုထဲက အာကျယ်ကျယ် မြတ်မွန်ကမေးသည်။ တစ်အုပ်စုလုံးတွင် မြတ်မွန်က အာကျယ်ကျယ်နှင့်၊ သူ ဦးလည်းဆောင်သည် ဆရာလည်း လုပ်သည်။

“ ငါတို့ စထရင်းဟိုတယ်မှာပဲ တည်းမယ် ”

“ အေး ... ကောင်းတယ်၊ အပျော်ခရီးလာတာ၊ ပျော်ပျော်ပါးပါးနဲ့ အကောင်းဆုံး နေကြတာ ပေါ့ ”

အားလုံးသဘောတူညီသော်လည်း မျိုးဇင်က သဘောမတူနိုင်အောင် ဖြစ်နေသည်။

သည်အုပ်စုထဲမှာ သူက အသက်အကြီးဆုံးဖြစ်ပြီး ငယ်သူတွေရဲ့ ဦးဆောင်တာကို မအီမလည်ကြီး ခံစား နေရသည်။

“ စထရင်းဟိုတယ်မှာ တည်းရင် ပိုက်ဆံ အရမ်းကုန်မှာပေါ့ ... ”

“ ကုန်လဲ ဘာဖြစ်လဲ မြတ်မွန်တို့မှာ ကိုက်ဆံ အလုံအလောက်ပါတာပဲ ”

“ ဟာကွ ... ဘန်ဂလို တစ်ခုငှားလိုက်ရင်မှ သက်သာဦးမယ် ... ”

မြတ်မွန်နှင့် မျိုးဇင် အချီအချ စကား မပြေမလည် ဖြစ်ဖြစ်နေသည်။ သီဟက ခွန်းကြီးခွန်း မ ဖြစ်ခင် ကြားဝင်လိုက်သည်။

“ မြတ်မွန်ရယ် ငါတို့အဖွဲ့မှာ၊ ကိုမျိုးဇင်က အသက်အကြီးဆုံး၊ သူ့ စကားကို နားထောင် လိုက်ပါ။

ဘယ်နေနေ ကမ်းခြေမှာပဲ ငါတို့ အချိန်များများ ဖြုန်းမှာမဟုတ်လား၊ မထူးပါဘူးဟာ၊ ဘန် ဂလိုဆိုတော့ ပိုပြီး အကုန်သက်သာတာပေါ့ ... ”

သီဟက ဖျောင်းဖျောင်းဖျဖျ ဝင်ပြောတော့ မြတ်မွန်က အရှိန်သတ်လိုက်သည်။ မျိုးဇင်ကို စိတ်ထဲက သိပ်မနှစ်မြို့သော်လည်း။ မဦးမိုးကို အားနာရသဖြင့် လျှော့လိုက်သည်။

နောက်ဆုံး မျိုးဇင်နှင့် သီဟ ရှာဖွေတွေ့ရှိသော ကျယ်ကျယ်ဝန်းဝန်း လုံးချင်း ဘန်ဂလို လေးကို ငှားလိုက်သည်။

ယောကျ်ားလေးနှစ်ယောက်က တစ်ခန်း ကျန်သုံးခန်းကို မိန်းကလေးအုပ်စု နှစ်ယောက်ခွဲ နေလိုက်သည်။ မဦးမိုးနှင့် ရွှေစင်က သီးသန့် တစ်ခန်းရပါသည်။

ဘန်ဂလို အိမ်လေးမှာ ပစ္စည်းတွေကို နေရာချ ခဏသာနားပြီး

ကမ်းခြေသို့ ဆင်းခဲ့ပါသည်။ ဘော်ငွေရောင် သမ်းနေသော သဲပြင်မွမွပေါ်မှာ မေဦးမိုးက ပေ့ါပါးလွတ်လပ်စွာ ပြေးလွှားလိုက်မိ သည်။

မွမွဝါဝါ သဲပြင်မှာ ခြေထောက်လေး မြုပ်မြုပ်သွားသည်က အရသာတစ်မျိုး ခံစားရသည်။ ပြီးတော့ ရေစင်မှာ ပိုပြီး မာကျစ်နေသော သဲပြင်ပေါ် လျှောက်ရသည်ကလည်း အေးမြပြီး စိတ် ကြည်မွေ့မှု တစ်မျိုးလိုဖြစ်စေပါသည်။

ပင်လယ်ပြင်သို့ မျက်နှာမူပြီး တိုက်ခတ်လာသော ဆားငွေ့သက်နေသော လေကြမ်းကြမ်း ရမ်းရမ်းကို တစ်ဝကြီး အဆုတ်ထဲ ရှိုက်သွင်းလိုက်သည်။

ရင်ထဲက အေးစိမ့် လန်းဆန်းသွားသည်။ ခရီးပန်းခဲ့ရသော နွမ်းနယ်မှုတွေလည်း ပပျောက် သွားလေသည်။

ရေကူးဝတ်စုံပေါ်က ထပ်ဝက်ခဲ့သော လုံချည်နှင့်အကျႌကို ချွတ်ပစ်လိုက်ပြီး စိမ်းပြာရောင် ရေကူး ဝတ်စုံလေးနှင့် ပင်လယ်ပြင်သို့ အပြေးတစ်ပိုင်းဖြင့် ဆင်းလိုက်သည်။

ရိုက်ခက်လာသော လှိုင်းလုံကြီးကြောင့် သည်လှိုင်းကို သတိမမူမိဘဲ ဆင်းခဲ့သော မေဦးမိုး ပက်လက်လန် လဲပါလေတော့သည်။

“ ဟာ … ဟာ … မေဦး တစ်ယောက် လှိုင်း ပုတ်လို့ ပန်လန်လက်ပြီဟော့ … ”

ရွှေစင်က သဘောကျစွာ လက်ခုပ် လက်ဝါးတီးပြီး ရယ်လေသည်။

မေဦးမိုးက ပက်လက်လန်နေရာမှ ကျုံးထလိုက်သည်။ ကိုယ်ပင် မတ်မတ်ရပ်ရပ် မဖြစ် သေး။ နောက်ထပ် လှိုင်းတစ်လုံး ပုတ်လိုက်သဖြင့် ထပ်မံ ပြန်လဲသွားပြန်သည်။

မေဦးမိုးရဲ့ အဖြစ်ကိုကြည့်ပြီး သူငယ်ချင်း တစ်သိုက် ဝါးခနဲ ရယ်လိုက်သည်။ မေဦးမိုး အရမ်း စိတ်တိုသွားသည်။

မျိုးဇင်က ရေထဲသို့ပြေးလာပြီး မေဦးမိုးကို ဆွဲထူလိုက်သည်။

“ မေဦးထ ကိုဇင် ထူပေးမယ် ”

လက်မောင်းကိုဆွဲပြီး မျိုးဇင်က ထူပေးသည်။ နောက်ထပ် လှိုင်းတစ်လုံး မရောက်ခင် မေဦး မိုး ခိုင်ခိုင်မြဲမြဲ ရပ်နိုင်သွားသည်။

လှိုင်း ခေါင်းဖြူကြီးတစ်လုံး မေဦးတို့ဘက်သို့ တာစူ၍ ရောက်လာပြန်သည်။

“ မေဦးရေ … လှိုင်းကြီး လာနေပြီ၊ ကိုယ်ကို ဖော့ပြီး လိုက်စီးရအောင် … ”

“ မေဦးမှ မဖော့တတ်တာ … ”

“ ဟော … လာပြီ၊ လှိုင်းနဲ့ အထိမှာ ခုန်လိုက် ”

မျိုးဇင် ပြောသလို မေဦးက လှိုင်းထိပ်နှင့် ထိအတွေ့ ခုန်လိုက်သည်။ လှိုင်းနှင့်အတူ ငြိမ့်ငြိမ့် လေးပါသွားသည်။

“ လှိုင်း စီးရတာ ကောင်းလား … ”

“ အင်း … နောက်တစ်ခေါက်လာရင် စီးဦးမယ် ”

ကလေးငယ်တစ်ယောက်လို နောက်လှိုင်းတစ်လုံးကို မေဦးမိုးက စိတ်အားထက်သန်စွာ မျှော်နေလိုက်သည်။

ဝင်းမွတ်နေအောင် လှသော မေဦးမိုးကို ကြည့်ရင်း မျိုးဇင် တစ်ယောက် ကျေနပ်နေလေ သည်။

တစ်ညနေလုံး ပင်လယ်ရေထဲမှာ စိတ်ကစားခဲ့ကြပြီး ဘန်ဂလိုပေါ် ပြန်တက်ခဲ့သည်။ ဆား ငန်ရေတွေဖြင့် စေးကပ်နေသောကိုယ်ကို ရေချိုဖြင့် ပြန်ပြီးချိုးကာ သန့်စင်လိုက်သည်။

ဗိုက်ထဲကလည်း တကျုတ်ကျုတ်မြည်အောင် ဆာနေကြပြီမို့ ညစာ စားရေးကို စီမံရတော့ သည်။

" ကိုဇင် ... မေဦးတို့ ဆာပြီ၊ သွား စားကြရအောင်လေ ... "

" ကိုသီဟရယ် ... ရွှေစင်တို့ စထရင်း ဟိုတယ်မှာ သွားစားရအောင်လားဟင် ... "

" အေး ... ကောင်းသားပဲ "

ရွှေစင် လုပ်ချင်တာမှန်သမျှကို အလိုလိုက်သော သီဟက မဆိုင်းမတွပင် သဘောတူလေ သည်။ ကျန် မိန်းကလေးတွေလည်း သဘောတူကြပါသည်။

" ဟာ ... စထရင်းမှာဆို စရိတ်ကြီးပါတယ်ကွာ၊ ဒီနားမှာ စားသောက်ဆိုင်တွေ ရှိသားပဲ၊ ဒီ မှာပဲ စားကြတာပေါ့ "

" ဟာ ... ကိုဇင်ကလဲ သူတို့က ဟိုမှာ စားချင်ကြတာ "

" ရတယ်လေ၊ သူတို့စားချင် သွားစားကြ ပါစေပေါ့၊ ကိုဇင်နဲ့ မေဦးက ဒီမှာပဲ စားမယ် "

မေဦးမိုးရင်ထဲမှာ မကျေနပ်စိတ်တွေ လှိုက်ခနဲ ခုန်သွားသည်။ အတူလာပြီးမှ ခုလို ခွဲခြားခွဲ ခြား လုပ်သောမျိုးဇင်ကို ဒေါသ ဖြစ်သည်။

သူငယ်ချင်း တွေကိုလည်း အားနာမိသည်။ မျိုးဇင်ရဲ့လုပ်ရပ်အတွက်လည်း ရှက်စိတ်တွေ ဆူဝေသွားသည်။

" မေဦးလဲ သူတို့နဲ့ သွားချင်တယ် "

မျက်နှာထား တင်းတင်းလေးနှင့် မေဦးမိုးက ပြောလိုက်သည်။ မေဦးမိုး မကျေမနပ်မှန်းသိ ပေမယ့် မျိုးဇင်က မသိချင်ယောင် ဆောင်နေပြီး ...

" မေဦးရယ် ဘာစားစား ဗိုက်ပြည့်ရင်ပြီးရော၊ ဟိုတယ်မှာသွားစားတော့

ပိုပြီး ပိုက်ဆံကုန် တာပေါ့ ... ”

“ အို .. ကိုဇင် မလိုက်ရင်နေ၊ မေဦး သူတို့နဲ့လိုက်သွားမှာပဲ ”

ကပ်သီးကပ်ဖဲ့ နိုင်သော မျိုးဇင်ကို မေဦးမိုးက ပြန်ပြီး ကတ်ကတ်သတ်သတ် ရွဲ့လိုက် သည်။

“ မေဦးကလဲကွာ။ ပြောတာ သဘောမပေါက်ဘူး ”

မျိုးဇင်က လေပြည်လေးနှင့် ပြောသည်။ ဒါပေမယ့် မေဦးမိုးရဲ့ မျက်နှာက သဲကြီးမဲကြီး ရွာ တော့မည့်မိုးလို အုံ့မှိုင်း ညို့ဆိုင်းနေပါသည်။

“ ဒီမှာ ကိုဇင် ... မေဦး အကုန် နားလည်တယ်၊ သဘောလဲ ပေါက်တယ်၊ ကိုဇင့်ကိုလဲ အခု သိပ်ကိုနားလည်သွားပြီ ”

သူငယ်ချင်းတစ်စုက တဖြည်းဖြည်းအခြေအနေတင်းမာလာသော မျိုးဇင်နှင့် မေဦးမိုးကို ကြည့်ပြီး စိတ်ပျက်သွားတတ်သည်။

အပျော်ခရီး ထွက်လာတာ ပြဿနာမဖြစ်ချင်၍ သီဟက ဝင်ပြီး အခြေအနေကို ထိန်းလိုက် ပါသည်။

“ ကဲ ... မေဦး ကိုသီဟတို့လဲ စထရင်း မသွားတော့ပါဘူး၊ ဒီနားမှာပဲ စားကြတာပေါ့ ”

အရိပ်သုံးပါးကို ကောင်းကောင်းကြီး နားလည်လိုက်သော သူငယ်ချင်း တစ်စုကလည်း သူ တို့ရဲ့ ဆန္ဒတွေကို မျိုသိပ်လိုက်ကြသည်။

စထရင်း ဟိုတယ်မှာ သွားပြီး စားသောက်ကြမည့် အစီအစဉ်ကို လုံးဝ လက်လျှော့လိုက်ကြ ပါသည်။

မေဦးမိုးကို အားနာ၍ မပြောသော်လည်း စိတ်ထဲက ကိုယ်စီ မျိုးဇင်အပေါ်မှာ မကျေမနပ် အဖုအထစ်လေးတွေ ဖြစ်သွားကြသည်။

“ အို … ဘာဖြစ်လဲ၊ သူမလိုက်ရင် နေပေ့ါ၊ တို့ဘာသာ သွားစားကြမယ် ”

မေဦးမိုးကလည်း လုံးဝ မလျှော့ပါ၊ မျိုးဇင်ကို ကန့်လန့်တိုက်ရန် တာစူလိုက်ပါသည်။

သူငယ်ချင်း တစ်သိုက်က အခြေအနေ မဆိုးရအောင် ဝိုင်းဝန်း ဖျောင်းဖြကြသည်။ သူငယ် ချင်းတွေကို အားနာ၍ မေဦးက စိတ်ကို တစ်ထစ်လျှော့လိုက်ပါသည်။

နောက်ကြ ပြောင်ကြနှင့် သူငယ်ချင်းတွေက တင်းမာနေသော အခြေအနေကို လျှော့ အောင် ကြိုးစားနေမှန်းသိ၍ လျှော့လိုက်ပါသည်။

သူငယ်ချင်းတွေရဲ့ ထိန်းထိန်း သိမ်းသိမ်း လုပ်လိုက်သော အခြေအနေကြောင့် မေဦးမိုးရဲ့ ဒေါသတွေလည်း နည်းနည်း ပြေသွားသည်။

မျိုးဇင်အပေါ် တင်းမာခဲ့သော စိတ်ထားတွေလည်း နည်းနည်း ပြေလျှော့သွားရပါသည်။

ညစာကို တစ်ယောက် တစ်ပေါက် ဆူညံစွာ ပြောဆိုရင်း ပျော်ပျော်ပါးပါး စားသောက်လိုက် ကြပါသည်။

*

(၄)

ညနေဘက် ရေမိုးချိုး အလှတွေ ပြင်ပြီး ဘန်ဂလိုကို ပိတ်ကာ မေဦးမိုးတို့အုပ်စု ကမ်းခြေ သို့ ပြန်ထွက်ခဲ့သည်။

နွမ်းလျှညိုးကျနေသော နေဝန်းနီနီကြီးက အနောက်ကျွန်းမှာ မှေးတင်နေလေပြီ။ ပြာနှမ်း နှမ်း ပင်လယ်ပြင်ရဲ့ မျက်နှာပြင်က နေညိုညိုရဲ့ ရောင်ပြန်ဟပ်မှုကြောင့် တဖိတ်ဖိတ် လက်နေပါ သည်။

မြင့်မားသော လှိုင်းခေါင်းဖြူကြီးတွေက တစ်လုံးပြီးတစ်လုံး မမောမပန်းနိုင်အောင် ကမ်းခြေ ကို လာရောက် ဦးတိုက်နေသည်။

ကြမ်းကြမ်း ရမ်းရမ်း တိုက်နေသော ပင်လယ်လေ အေးအေးကြီးကို တစ်ဝရှူရှိုက်ရင်း သဲ သောင်ယံပေါ် လမ်းလျှောက်ရတာ အရသာထူး တစ်မျိုးကို ခံစားနေရသည်။

မေဦးမိုးက မျိုးဇင်နှင့် တစ်တွဲ၊ သီဟနှင့် ရွှေစင်က ရှေ့ဆုံးက တစ်တွဲ၊ ကျန်သူငယ်ချင်း မိန်းကလေး တစ်သိုက်က နောက်ဆုံးမှ အစုလိုက် လျှောက်ခဲ့လေသည်။

မေဦးမိုးက လှပလွန်းသော ပင်လယ်ပြင်နှင့် မိုးကုတ်စက်ဝိုင်းကြီးကို လမ်းလျှောက်နေရင်း မှ ခေါင်းလေးကို ဘေးဘက် စောင်းပြီး ကြည့်နေမိသည်။

သူမ၏ စိတ်အာရုံက လှပလွန်းသော ညနေစောင်း၏ ဆည်းဆာအလှ ပန်းချီကားကို နှစ် သိမ့်ကြည်မွေ့စွာ ခံစားမိပါသည်။

နှုတ်ထွက်ချောမွေ့နေသော မျက်နှာလေးမှာ ခံစားမှုတွေ ကင်းစင်ပြီး

ချောမွေ့ကြည်လင်နေပါ သည်။

ပင်လယ်ရေပြင်မှ တိုက်ခတ်လာသောလေကြမ်းကြမ်း အေးအေးကြောင့် ဆံနွယ်ဆံခက် လေးတွေ လေကြောမှာ မွှေနှောနေပါသည်။

ဆံနွယ်တွေက လွင့်နေသဖြင့် မျက်နှာလှလှ ချောချောလေးက စင်းစင်းထင်ထင်ကြီးပေါ်နေပါသည်။

မျက်နှာချင်းဆိုင် တူရူမှ လျှောက်လာသော ခန့်ခန့်ချောချော လူတစ်ယောက်က ချောချော လှလှ စုံတွဲလေးဆီသို့ သူ၏ အကြည့်တွေက စူးစိုက်စွာ ရောက်သွားပါသည်။

သူ့ထက် နည်းနည်း ငယ်ပုံရသော ယောကျ်ား ချောချောလေး၏ ဘေးမှ နုထွတ်မှုန်အစ်နေ အောင် လှလွန်းသော မိန်းမချောလေးဆီသို့ အကြည့်တွေက ကျရောက် နေပါသည်။

စူးစိုက်ကြည့်ရန် မသင့်တော်မှန်း သိပေမယ့် သူ့ရဲ့အကြည့်တွေကို လွှဲဖယ်လို့ မရအောင် မိန်းမချောလေးက ညှို့ယူဖမ်းစားနေပါသည်။

သံလိုက်ဖြင့် ဆွဲယူထားသလို၊ အကြည့်တွေကို ဆွဲခွာမရအောင် ဖြစ်နေပါသည်။

“ ဟော့ ... လူ ေးလှချည်လား ”

ရုတ်တရက်၊ ပခုံးစွန်းကို ဝင်တိုက်ခြင်းခံရတော့မှ၊ သူ့အကြည့်တွေ မိန်းမလှလေးဆီက လွတ်ထွက် သွားရပါသည်။ အလွန်ရင်းနှီးသော အသံရှင်ကို သူ ဖျတ်ခနဲ ကြည့်လိုက်ပါသည်။

“ ဟာ ... သီဟ ... ”

“ ဟုတ်ပါတယ် ... ကျွန်တော် သီဟပါ ... ”

သီဟက မျက်နှာပြုံးစေ့စေ့နှင့်ကြည့်ပြီး ပြန်ပြောသည်။

" ကျွန်တော် တစ်ယောက်လုံးကို မမြင်ရအောင် ကိုစိုင်းခမ်းနော်က ဘာတွေ ငေးလာလို့ပါ လိမ့် ... "

အသားဖြူဖွေးသော စိုင်းခမ်းနော်ရဲ့ မျက်နှာက ရဲခနဲဖြစ်သွားသည်။ သူ့အဖြစ်က သူခိုးလူမိ ရသည့် အဖြစ်မျိုးပါ။

" အဟင်း ... ဘာမှ မငေးပါဘူး သီဟရ၊ မင်းတို့ အပန်းဖြေ လာကြတာလား ... "

" ဟုတ်ပါတယ် ... ကိုစိုင်း ... "

သီဟက ကိုစိုင်းခမ်းနော်ရဲ့ မျက်နှာကို လေးစားစွာ ကြည့်ပြီး ခပ်ပြုံးပြုံး မျက်နှာထားနှင့် ပြောလိုက်သည်။ စိုင်းခမ်းနော်ရဲ့ အကြည့်က၊ သီဟရဲ့ဘေးက ရွှေစင်ထံကို ရောက်သွားသည်။

" သူက ကျွန်တော်နဲ့ အင်ဂိတ်(ရှ်) လုပ်ထားတဲ့ ရွှေစင်ပါ ... "

" အေး ... မင်း သတင်းကိုကြားတယ်၊ တွေ့ချင်နေတာနဲ့ အတော်ပဲပေါ့ "

" ဒါနဲ့ ... ကိုစိုင်းရော အပန်းဖြေပဲလား ... "

" အလုပ်ကိစ္စနဲ့လာရင်း ရောပြီး အပန်း ဖြေလိုက်တာပါ ... "

" မပြန်သေးဘူး မဟုတ်လား ... "

" အေး ... မင်းတို့ရော ... "

" ကျွန်တော်တို့လဲ မနေ့ကမှ ရောက်တာ တစ်ပတ်လောက် နေဦးမှာပါ ... "

သီဟက ရပ်စကားပြောနေတာကြောင့်၊ ကျန်အဖွဲ့သားတွေ သီဟကို ရပ်စောင့်နေသည်။

" ဩော် ... ကိုစိုင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ရဲ့

သူငယ်ချင်းတွေလေ … ”

သီးဟာက စိုင်းခမ်းနော်နှင့် တစ်ဦးချင်းကိုလိုက်၍ မိတ်ဆက်ပေးသည်။ မေဦးမိုးနှင့် မိတ် ဆက်ပေးစဉ် စိုင်းခမ်းနော်ရဲ့ အကြည့်က မေဦးမိုး မျက်နှာပေါ်မှာ အချိန်ကြာမြင့်စွာ ရပ်တန့်သွား သည်။

“ ဩော် … သူလေးက ချစ်သူ ရှိနှင့်ပြီးသားကိုး … ”

မျိုးဇင်နှင့် မေဦးမိုးရဲ့ အခြေအနေကို သီဟာက မိတ်ဆက်ပေးစဉ်မှာ ပြောလိုက်သည်မို့ စိုင်း ခမ်းနော် ရင်ထဲမှာ နင့်နဲစွာ ခံစားလိုက်ရပါသည်။

သူ အရမ်း စိတ်ဝင်စားပြီး ကြည့်ခဲ့မိသော မိန်းကလေးမှာ ပိုင်ရှင် ရှိနှင့်ပြီးသားပါ။ စိုင်းခမ်း နော် ရင်ထဲမှာ မောသွားပါသည်။

သီဟ မိတ်ဆက်ပေးမှုကြောင့် စိုင်းခမ်းနော်ကို သိရပြီး သည်လူချောရဲ့ အကြည့်ကြောင့် မေဦးရဲ့ ရင်ထဲမှာ တုန်တုန်ခိုက်ခိုက်လေး ဖြစ်သွားရပါသည်။

မျိုးဇင်ကြောင့် တစ်ခါဖူးမှ မခုန်ခဲ့သော နှလုံးသားက ဘာကြောင့်များ မျက်နှာစိမ်းကြောင့် အစိုးမရဘဲ ခုန်နေပါလိမ့်။

စိုင်းခမ်းနော်ဆိုတဲ့ မျက်နှာကိုတောင် စိတ်ထဲက မလုံမလဲ ဖြစ်လွန်း၍ မျက်စိ လွှဲပစ်လိုက် သည်။

“ မင်းတို့ မပြန်သေးဘူးဆိုရင် မနက်ဖြန်ည၊ စထရင်းကို လာခဲ့ကြပါလား အားလုံးကို ညစာ ကျွေးမယ်လေ … ”

စိုင်းခမ်းနော်ရဲ့ ဖိတ်ခေါ်ချက်ကြောင့် အားလုံး ပါးစပ်လေးတွေ ဖြဲပြီး တဟဲဟဲနှင့် သဘော ကျနေတော့သည်။

“ ဟာ … နေပါစေ ကိုစိုင်းရာ … ”

“ ကြုံတုန်း မင်းရဲ့ သူငယ်ချင်းတွေနဲ့ မိတ်ဖြစ် ဆွေဖြစ် ပေါ့ကွာ၊ ကိုယ်လဲ စထရင်းမှာ တစ် ယောက်တည်း ဆိုတော့ ပျင်းနေတာပါ ”

မေဦးမိုးက ခိုးပြီး မျက်လွှာလေးပင့်ပြီး ဝင့်ခနဲအကြည့် စိုင်းခမ်းနော်ရဲ့ အကြည့်နဲ့ တိုး၍ မျက်လွှာကို ဆတ်ခနဲ ပြန်ချလိုက်သည်။

“ ဆတ်ဆတ် လာခဲ့ကြနော် ”

“ ဟုတ်ကဲ့ပါ … ကိုစိုင်း ”

“ အားလုံးပဲ သွားမယ်နော် ”

စိုင်းခမ်းနော်က အားလုံးကို နှုတ်ဆက်ပြီး ထွက်သွားသည်။ သူ့ရဲ့မျက်ဝန်းထဲမှာ စွဲမက်စရာ ကောင်းလွန်းသော မေဦးမိုးရဲ့ ပုံရိပ်လေးပါသွားသည်။

“ သြော် … သူတစ်ပါးရဲ့ ချစ်သူကြောင့် ငါ့ရင်တွေ ဘာလို့ ဒါလောက် ခုန်ရတာ လဲ၊ ပိုင်ရှင် ရှိပြီးသား သူ အပေါ်မှာ ပြစ်မှားသလို ဖြစ်နေရပြီ ”

မိမိကိုယ်ကို မိမိ မကျေမနပ်လေး ပြောလိုက်မိပြန်သည်။ စိုင်းခမ်းနော်ကို ကျောခိုင်းသွား သော မေဦးမိုးရဲ့ ရင်ထဲမှာလည်း တစ်ခဏတွေ့လိုက်ရသော စိုင်းခမ်းနော်ဆိုတဲ့ လူသန့်သန့် ချော ချောကြီးကို စိတ်ဝင်စားမိသည်။

သားနားသန့်ပြန့်၊ ချောမွေ့လွန်းတဲ့ သူ့ရဲ့ဟန်က ၊ လွန်စွာ စွဲမက်စရာ ကောင်းနေတာကို မေဦးမိုးက ပြတ်ပြတ်သားသားကြီး ဝန်ခံလိုက်မိပါသည်။

*

(၅)

ဘန်ဂလို ပြန်ရောက်ပြီး၊ ညဘက် အေးအေးဆေးဆေး ဝရန်တာမှာ ထိုင်နေကြစဉ်၊ သီဟ က စိုင်းခမ်းနော်ရဲ့ အကြောင်းကို ပြောပြသည်။

" ကျွန်တော် ငယ်ငယ်လေး ကတည်းက ကိုစိုင်းနဲ့ ခင်တာပါ ... "

" ကိုစိုင်းက သိပ်ပြီး လူကြီး လူကောင်းဆန်တယ်၊ မိဘတွေကလဲ ချမ်းသာတဲ့ ဆွေကြီး မျိုး ကြီးတွေပေါ့ ... "

" ကိုစိုင်းမှာ အစ်မ တစ်ယောက်၊ ညီ တစ်ယောက် ရှိတယ်၊ အားလုံးက ချောချော သန့်သန့် တွေပဲ၊ သူက အခု ရန်ကုန်မှာ လာပြီး၊ ကုမ္ပဏီဖွင့်တာလေ၊ အစုစပ် ထင်ပါရဲ့၊ တော်တော် ဟန်ကျ ပုံရပါတယ် "

သီဟရဲ့ ပြောပြချက်ကြောင့် စိုင်းခမ်းနော်ရဲ့ ရာဇဝင်ကို မမေးမမြန်း မစပ်စုလိုက်ရဘဲနှင့် မေဦးမိုး သိလိုက်ရပါသည်။

ဘောင်းဘီပြာ၊ ဖောရင်းရှပ် နက်ပြာနှင့် သားနားချောမွေ့သော စိုင်းခမ်းနော်ရဲ့ ရုပ်သွင်ကို ပြန်လည်ပြီး မြင်ယောင်နေမိသည်။

ဖြူဆွတ်လွန်းသည်လို့ မဆိုသာသော အသား အရေ မျက်ခုံး နက်နက် နှာတံ ပေါ်ပေါ် စူးရှ တောက်ပြောင်သော မျက်ဝန်း၊ ပိပြား သေသပ်သော နှုတ်ခမ်းတွေဖြင့် တည်ခန့် ချောမွေ့နေသော စိုင်းခမ်းနော်ရဲ့ ရုပ်သွင်က၊ မေဦးမိုးရဲ့ မျက်ဝန်းထဲမှာ စွဲမက်စရာ အထင်ကြီးစရာ ဖြစ်နေပါသည်။

သူမမှာ လက်ထပ်ရမယ့် သူ ရှိနှင့်ပြီးသား ဖြစ်နေပေမယ့် မေဦးမိုးရဲ့ စိတ်တွေက တားဆီးမ ရအောင် စိုင်းခမ်းနော် အား စိတ်ဝင်စားနေမိလေသည်။

“ အို … ဒီလူကြီးကလဲ ရှုပ်လိုက်တာ သွားစမ်းပါ ”

မျက်မှောင်လေး ကျုတ်ပြီး စိတ်ထဲက သူ့ကို မောင်းထုတ်ပေမယ့်၊ မသွားဘူးလေ၊ မေဦးမိုး ရဲ့ အသိစိတ် အာရုံထဲမှာ သူ ခိုကပ်နေလေရဲ့။

“ ကိုဇင်ရယ် … လာပါ၊ ကမ်းခြေဘက် ဆင်းရအောင် ”

“ ဟာ … ခုနကပဲ ပြန်လာတဲ့ဟာ ”

မျိုးဇင်ရဲ့ လက်မောင်းကို ချိတ်တွယ် လိုက်ပြီး၊ မေဦးမိုးက ခေါ်လိုက်သည်။ ပုံ့လွင့်နေ သော သူမရဲ့စိတ်တွေကို စုစည်းလိုက်ခြင်းပါ။

သူမ တကယ်စိတ်ဝင်စားပြီး တကယ်လက်ထပ်ရမှာက မျိုးဇင်မို့ မျိုးဇင် အပေါ်သို့ စိတ် အာ ရုံကို တမင် စူးနှစ်လိုက်ခြင်းပါ။

“ အို … ကိုဇင်ကလဲ လာပါဆို … ”

စိတ်မရှည်တဲ့ လေသံနှင့် မေဦးမိုးက ခေါ်လိုက်မှ မျိုးဇင်က စာအုပ် ဖတ်နေရာမှ ထလိုက်ခဲ့ သည်။

“ ကိုဇင် ”

ဘေးချင်းယှဉ်တွဲ လျှောက်နေရာမှ မေဦးမိုးက မျိုးဇင်ရဲ့ မျက်နှာကို မော့ကြည့်ပြီး ခေါ်လိုက် သည်။

“ ဘာလဲ မေဦး ”

“ ကိုဇင့် ကြည့်ရတာ မပျော်သလိုကြီးပဲ ”

“ ပျော်ပါတယ်ကွာ ”

“ မေဦး အတင်းခေါ်လို့ လိုက်သာ လာရတယ်၊ ကိုဇင် မပျော်ပါဘူးလေ ”

မေဦးမိုးက ချောမွေ့သော မျိုးဇင်ရဲ့ မျက်နှာကို မော့ကြည့်ပြီး တိုးတိုးလေး မှတ်ချက်ချ လိုက်ပါသည်။

“ မေဦးရယ် ကိုဇင် ပျော်ပါတယ် ဆိုမှကွာ ”

“ မနက်ဖြန် သူတို့ ဂွမြို့ဘက် လျှောက်လည်မလို့တဲ့ ”

“ ဟာ ... ကားခကုန်အောင်ကွာ ”

“ ကိုဇင်ရယ် ရောက်တုန်းလျှောက်လည်ကြတာ၊ ကုန်လဲ ကုန်ပေ့ါ ”

“ မေဦးက သိပ်ခက်တယ်၊ ပိုက်ဆံကို အလဟဿ ဖြုန်းဖို့ပဲ စိတ်ကူးနေတာကိုး ”

မေဦးမိုး စိတ်ထဲ ထောင်းခနဲ ဒေါသ ဖြစ်သွားသည်။ တစ်ဆိတ်ရှိ ငွေကုန်မည်အကြောင်းကို သာ ခဏခဏပြောတဲ့ မျိုးဇင်ကို တဖြည်းဖြည်း တကယ်ပဲ စိတ်ကုန်လာပါပြီ။

“ ကိုဇင်ကလဲ ပိုက်ဆံကုန်မှာ သိပ်ကြောက်တာပဲ ”

“ ကြောက်ရတယ် မေဦးရဲ့၊ ပိုက်ဆံဆိုတာ လွယ်လွယ်နဲ့ ရှာလို့မှ မရတာ ”

“ အို ... ကိုဇင့်ကိုက သိပ်ကို ကပ်စေးနှဲတာပါ ”

မေဦးမိုးက မကြည်မလင် မျက်နှာလေးနှင့် ပြောပြီး ခြေဆောင့်ကာ အပြေးတစ်ပိုင်းနှင့် သူ နှင့်ဝေးရာသို့ ထွက်ခဲ့သည်။

မျိုးဇင်ကလည်း နောက်က မလိုက်ခဲ့ပါ။ သူ့ဘာသာ ဖြည်းဖြည်း လျှောက်နေသည်။ မျိုးဇင် နှင့် ဝေးရာသို့ မေဦးမိုးက လျှောက်ခဲ့ပြီး သဲပြင်ပေါ်မှာ ကိုယ်ကို ပစ်ထိုင်ချလိုက်သည်။

ရင်ထဲမှာ မျိုးဇင်အပေါ် မကျေမနပ် စိတ်တွေက တစ်စထက် တစ်စ ပွားနေလေသည်။

မိဘတွေ စီမံလို့သာ လက်ခံထားရပြီး အစကတည်းက ချစ်သည့်စိတ်၊

အရင်းမခံခဲ့ရသည့် ကြားထဲ ခုလို ကတ်တီးကတ်ဖဲ့နိုင်တာ မြင်ရတော့ မေဦးမိုး စိတ်ကုန်မိတာ မဆန်းပါ။

“ ဘယ်လို လူ့ခွစားကြီးလည်း မသိဘူး၊ သူ့ကြောင့် ငါ့ သူငယ်ချင်းတွေကို အားနာလှပြီ … ”

“ ပေါင်းရသင်းရ ခက်သလို ကပ်စေးနှဲတာလည်း လွန်ရော၊ အံ့သြပါရဲ့၊ ဒီလူ့အကြောင်း ဖေ ဖေတို့က မလေ့လာဘူးလား၊ မသိကြဘူးလား ”

စိတ်တိုတိုနှင့် တစ်ယောက်တည်း ပွစိပွစိ လုပ်နေသည်။ မျိုးဇင်ဆိုတဲ့လူကလည်း လုံးဝအ လိုက်ကမ်းဆိုး မသိ။

စိတ်ကောက်နေတဲ့ မေဦးမိုးကို ချော့ဖော်မရ၊ မေဦးမိုးနားကို မလာဘဲ တော်တော် လှမ်း လှမ်းမှာ ထိုင်နေသည်။

မျိုးဇင်က မေဦးမိုးကို ချော့ဖို့ နေနေသာသာ တွေးရင်းတွေးရင်းနဲ့ သူက ဒေါပွနေသည်။

“ အလကား ကောင်မလေး၊ သူ့ အလိုနဲ့ သူ ဆိုးဖို့ပဲ သိတယ်၊ နေရာတကာမှ သုံးရဖြုန်းရမှ ကျေနပ်နေတာ ဒါမျိုးတော့ ငါ အလိုမလိုက်နိုင်ဘူး ”

မျိုးဇင်က ထိုသို့ တွေးပြီး မကျေမနပ်ကြီး ဖြစ်နေပါတော့သည်။

မေဦးမိုးသည်။ တွေးရင်း တွေးရင်း မျက်ရည်လည်အောင်ပင် ဒေါသတွေပွားနေပါသည်။

မေဦးမိုးက ငေါက်ခနဲ နေရာမှထပြီး ဘန်ဂလိုဆီသို့ ပြန်လှမ်းခဲ့သည်။ မျိုးဇင်က သဲသောင် ပြင်ပေါ်မှာ ထိုင်ရင်း ကျန်ရစ်ခဲ့လေသည်။

*

ဘန်ဂလိုပေါ်တက်ခဲ့ပြီး အခန်းဆီသို့ သွားနေသော မေဦးမိုးကို ရွှေစင်က လှမ်းခေါ်လိုက် သည်။

“ ဟော့ … မေဦး လာလေဟာ၊ ကိုဇင်ရော … ”

“ သောင်ပြင်မှာ ကျန်ရစ်ခဲ့တယ် ”

“ ဘာလဲ၊ နင် စိတ်ကောက်ပြန်ပြီလား ”

မေဦးမိုးက စိတ်တိုလွန်း၍ မျိုးဇင် အကြောင်းကိုလည်း ပြောလိုစိတ် မရှိတော့ပါ။

“ မကောက်ပါဘူး ”

တိုတိုတုတ်တုတ်ဖြေပြီး အခန်းဆီသို့ မေဦးမိုး လျှောက်ခဲ့သည်။ ခုတင်ပေါ် ပစ်လှဲပြီး မေဦး ငိုလိုက်မိပါသည်။

ရွှေစင် အခန်းထဲ မရောက်ခင်မှာပဲ မေဦးမိုး အိပ်ပျော်သွားပါသည်။

*

မျိုးဇင်လည်းကမ်းခြေမှာ ထိုင်နေရင်းမှ တဖြည်းဖြည်း စိတ်ပြေသွားသည်။ သူ့ကိုယ်သူ မှား မှန်း သိလိုက်သည်။ မေဦးမိုး နောက်သို့ ထပြီး ထလိုက်ခဲ့သည်။

ဝရန်တာမှာ ဝိုင်းဖွဲ့စကား ပြောနေသော အုပ်စုမှာ မေဦးမိုးကို မတွေ့ပါ။ မေဦးမိုးရဲ့ အခန်း ဆီသို့ လှမ်းခဲ့သည်။

အခန်းဝမှ လှမ်း၍ ကြည့်လိုက်တော့ မေဦးမိုး အိပ်နေတာ တွေ့၍ သူ၏

အခန်းဆီသို့ လှည့် ပြန်ခဲ့သည်။

*

နောက်တစ်နေ့ညနေ ကမ်းစပ်မှာ သူတို့ အုပ်စု ကြာကြာမနေကြပါ။ စိုင်းခမ်းနော် ဖိတ်ထား သည့် အတွက် သွားရဦးမည်ဆိုတော့ ပြင်ရဆင်ကြ လိမ်းရဖြီးရဦးမည်လေ။

မေဦးမိုးက သူမရဲ့ လှပနေတဲ့ မျက်နှာလေးကို ပို၍ ချောမွေ့ ပေါ်လွင်သွားအောင် ခြယ်သ လိုက်သည်။

ပန်းခရမ်းရောင် ဝမ်းဆက်လေးနှင့် မိုးဦးမိုးရဲ့ ဝင်းထင်းနေသော အသားအရေက လိုက် ဖက်လွန်နေသည်။

ရွှဲနေအောင် လှနေသော မျက်နှာလေးကို ထောင်ထားသော မှန်ဝိုင်းလေးမှာ ဝေ့ဝဲကြည့်ပြီး အခန်းထဲက ထွက်ခဲ့သည်။

“ ဟယ် … မေဦး၊ အရမ်းလှတာပဲ ”

သူငယ်ချင်းမ တစ်ယောက်က စက်စက်ထိုးအောင် လှနေသော မေဦးမိုးကိုကြည့်ပြီး အား ကျစွာပြောလိုက်သည်။

မျိုးဇင်လည်း မေဦးမိုးကိုကြည့်ပြီး ရင်ထဲမှာ အရမ်းကို ကြည်နူးနေပါသည်။ သည်လောက် လှပဝင်းစက်နေသော မိန်းကလေးကို သူ တစ်ဝက်ပိုင်နေပြီ မဟုတ်လား။

“ ကဲ … အားလုံး ပြီကြပြီလား၊ ပြီးရင် သွားမယ် ”

သီဟက အဖွဲ့ခေါင်းဆောင်မို့ ဦးဆောင်ပြီး ခေါ်လိုက်သည်။

စိုင်းခမ်းနော်ရဲ့ ညစာစားပွဲသို့ အုပ်စုလိုက် ချီတက်လာကြသည်။

“ သူဌေးကျွေးမယ့် ထမင်းပွဲကို စဉ်းစားရင်း ငါ့ဗိုက်ထဲက တကျုတ်ကျုတ်ကို မြည်နေတာ ပဲ”

“ အေး ... ငါလဲ အပြတ်စားပစ်ဖို့ စိတ်ကူးထားတယ် ”

အစားမက်သော သူငယ်ချင်းနှစ်ယောက်ကို ကြည့်ပြီး မေဦးမိုးက သဘောကျစွာ ရယ်လိုက် သည်။

စထရင်းဟိုတယ်သို့ ရောက်တော့ အသင့်ကြိုနေသော စိုင်းခမ်းနော်ကို တွေ့ရသည်။ အ နောက်တိုင်းဝတ်စုံနှင့် သားနားလွန်းသော စိုင်းခမ်းနော်ရဲ့ရုပ်သွင်ကို မေဦးမိုးက သတိလက်လွတ် တစ်ချက် ငေးမိသည်။

စိုင်းခမ်းနော်ကလဲ အားလုံးထဲမှာ ထူးခြားပေါ်ထင်စွာ လှလွန်းနေတဲ့ မေဦးမိုးကို စိုက်ခနဲ တစ်ချက်ကြည့်ပြီးမှ သူ၏ အကြည့်တွေ မရိုင်းသွားအောင် ထိန်းသိမ်းလိုက်ရပါသည်။

လိုက်ဖက်ညီသော မေဦးမိုးနှင့် မျိုးဇင်တို့၏ အတွဲကို ကြည့်ပြီး သူ့ရဲ့ရင်မှာ ကျင်ခနဲ ခံစား လိုက်ရပါသည်။

မေဦးမိုးအပေါ်မှာ စွန်းထင်သွားတဲ့ သူ့ အချစ်တွေအတွက် သူ့ရဲ့ရင်မှာ လွန်စွာ ဆွေးမြည့် နေပါသည်။ ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့တဲ့ တံ့ပြန်ချစ်အတွက် သူ့ရင်မှာ နာကျင်နေပါ သည်။

“ ခင်ဗျားတို့ မလာနိုင်သေးလို့ ထွက်စောင့်နေတာ ”

စိုင်းခမ်းနော်က သူ့ရဲ့ ဖြူဖွေးညီညာတဲ့ သွား တွေပေါ်အောင် ပြုံးပြီး ခရီးဦးကြိုဆိုလိုက်ပါ သည်။

“ ဟုတ်တယ် ... ကိုစိုင်းရယ်၊ ရွှေစင်နဲ့ မေဦးပေါ့၊ အလှပြင်နေတာ မပြီးလို့ ”

“ ဟာ … ဟုတ်လဲ မဟုတ်ဘဲနဲ့ ”

မဒြီးမိုးက ဟုတ်နေပေမယ့် စိုင်းခမ်းနော်ရဲ့ ရှေ့မို့ ရှက်ရှက်နှင့် ဘူးကွယ်လိုက်သည်။ သီ ဟကိုလည်း မျက်စောင်းလေး ဝင့်ခနဲ ချီလိုက်သည်။

မဒြီးမိုးရဲ့ဟန်က စိုင်းခမ်းနော်ရဲ့ မျက်စိထဲမှာ စွဲပြီး ရင်ထဲသို့ စူးစူးနနင့်နင့်ကြီး ထင်ကျန် ရစ်သွားသည်။

စိုင်းခမ်းနော်က သူသီးသန့် စီစဉ်ထားသော နေရာသို့ သူတို့ကို ခေါ်သွားသည်။ ဟင်းပွဲတွေ စုံစုံလင်လင်နှင့် စိုင်းခမ်းနော်က စားသောက်ဖွယ် အလျှံပယ်ဖြင့် ညှော့ခံပါသည်။

စားရင်းသောက်ရင်း စကားပြောရင်းနှင့် မဒြီးမိုးတို့အဖွဲ့ စိုင်းခမ်းနော်နှင့် ခင်မင်ရင်းနှီးသွား ကြလေသည်။

ထိုနေ့ညက မိုးချုပ်မှ တစ်ဖွဲ့လုံး ဘန်ဂလိုသို့ ပြန်ခဲ့ကြလေသည်။ အကြည့်ချင်း မကြာခဏ ခလုတ်တိုက်ခိုက် မဒြီးမိုးရဲ့ ရင်ထဲမှာ သိမ့်ခနဲ သိမ့်ခနဲ ခုန်ခဲ့ရသည်ကို အပြန်လမ်းတစ်လျှောက် မှာ မဒြီးမိုးက ပြန်လည် ခံစားမိလေသည်။

လက်ထပ်ရမည့်သူ မျိုးဇင် တစ်ယောက်လုံးလုံး ဘေးထားပြီး။ မဒြီးမိုးရဲ့ ရင်တွေက စိုင်း ခမ်းနော်ကြောင့် ခဏခဏ ခုန်ခဲ့ရလေပြီ။

သူ့ဘာသာသူ အလိုလိုခုန်နေတဲ့ နှလုံးသားကို မဒြီးမိုး ထိန်းချုပ်နိုင်စွမ်း မရှိပါ။ ဒါကြောင့် စိုင်းခမ်းနော်နှင့် နောက်တစ်ခါ မဆုံတွေ့တာ အကောင်းဆုံးဟု မဒြီးမိုး ဆုံးဖြတ်လိုက်ပါသည်။

*